အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

Human Rights in Myanmar

အတွဲ ၁ အမှတ် ၃၀ ၁၈ မတ် ၂၀၂၃

စစ်ကောင်စီက ပြည်သူလူထုအပေါ် ကျူးလွန်မှုက လူမျိုးသုဉ်းသတ်ဖြတ်မှုထက် ပိုတယ်

မတ် ၃

အာဏာသိမ်း စစ်ကောင်စီက ပြည်သူလူထုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ "ဘယ်တော့မှ အရှုံးမပေးနဲ့" ခေါင်းစဉ်ဖြင့် ချက်သမ္မတနိုင်ငံ၌ ဆွေးနွေးပွဲတစ်ရပ်အား ပြုလုပ်ခဲ့ရာ အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲ၌ မြန်မာ့ဒီမိုကရေးအတွက် ဝိုင်းဝန်းကူညီပေးနေသည့် Igor Blazevic ၊ ချက်နိုင်ငံရေးဝန်ကြီးဌာန အာရှရေးရာ တာဝန်ခံ Mr.Marek Libřický တို့ပါ တက်ရောက်ခဲ့ရာ မြန်မာပြည်ရှိ အာဏာသိမ်းစစ်ကောင်စီ၏ မြန်မာပြည်သူများအပေါ် ကျူးလွန်နေသည့် ရာဇဝတ်မှုများမှာ လူမျိုးသုဉ်းသတ်ဖြတ်မှုထက်ပင် ပိုမိုနေပြီဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်သူများက ဆွေးနွေးခဲ့သည်။

စစ်ကောင်စီ၏ အာဏာသိမ်းမှုမှာ လူထုဆန္ဒကို ဆန့်ကျင်ပြုလုပ်ခဲ့ခြင်းဖြစ်ကာ အာဏာသိမ်းပြီးစကာလ ဆန္ဒပြမှုများ စတင်ချိန်၌ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွဲခြင်း၊ ဖမ်းဆီးထားသူများအား အသက်သေသည်အထိ နှိပ်စက်ညှင်းပန်းခြင်းကို ပြုလုပ်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံရေးနှင့် ဆက်စပ်ပတ်သက်မှုမရှိသည့် ပြည်သူများကိုပါ နိုင်ငံ့ရန်သူအဖြစ် သတ်မှတ်ကာ နိုင်ငံအနှံ့ စစ်ရေးနည်းဗျူဟာ ချ၍ သတ်ဖြတ်ခြင်း၊ နေအိမ်များအား မီးရှို့ခြင်းများ ပြုလုပ်နေကြောင်း ဆွေးနွေးပွဲတက်ရောက်သူများက ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ချက်သမ္မတနိုင်ငံမှာ နိုင်ငံငယ်သော်ငြားလည်း နိုင်ငံနှင့် နိုင်ငံ့ပြည်သူများမှာ မြန်မာ့ဒီမိုကရေစီရေးအတွက် ရှေ့တန်းမှ အားပေးနေသည့်အတွက် ကျေးဇူးတင်ကြောင်း၊ လက်ရှိအချိန်တွင် လူ့အခွင့်အရေးကောင်စီ ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားတဲ့ ချက်နိုင်ငံအနေနဲ့ တနေ့တခြား ပိုမိုရက်စက်ယုတ်မာလာနေတဲ့ အကြမ်းဖက်စစ်ကောင်စီကို ထိရောက်တဲ့အရေးယူဆောင်ရွက်မှုတွေထွက်ပေါ်လာအောင် အစွမ်းကုန် ဆက်လက်ကြိုးပမ်းစေလိုပါတယ်" ကြောင်း တိုက်တွန်းပြောဆိုခဲ့သည်။

မိဘပြည်သူများခင်ဗျာ...
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေ နဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှု ရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့ တိုင်ကြားနိုင်ပါတယ်။

မတ် ၁ ရက်မှ ၁၅ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှု အခြေအနေ



မတ်လ ၁ရက်နေ့မှ ၁၅ ရက်နေ့အတွင်းစစ်ကောင်စီတပ်များသည် ရှမ်းပြည်နယ်၊ပင်လောင်းမြို့နယ်၊ နန်းနိမ်းကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာများတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများအပါအဝင် ဥပဒေမဲ့ သတ်ဖြတ်မှု ၃၀ခန့် ကျူးလွန်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် မြောက်နုံးကျေးရွာအပါအဝင် ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ ကရင်နီပြည်နယ်၊ကရင်ပြည်နယ်တို့တွင် ပြည်သူပိုင်ပစ္စည်းများမီးရှို့ဖျက်ဆီးခြင်း ၊ဗုံးကျဲတိုက်ခိုက်ခြင်းများ (၃၇)မှုခန့် ကျူးလွန်ခဲ့ကြသည်။

မတ်လ၁ရက်နေ့မှ ၁၅ရက်နေ့အတွင်း တိုင်းနှင့်ပြည်နယ်အတွင်း စစ်ကောင်စီ၏လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ



မတ်လ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း စစ်ကောင်စီမှကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအနက် စစ်ကိုင်တိုင်းဒေသကြီးတွင် ဥပဒေမဲ့သတ်ဖြတ်မှု (၁၄) မှု အပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ၃၀ခန့် ကောက်ယူရရှိခဲ့ပြီး တစ်နိုင်ငံလုံးတွင် ချိုးဖောက်ခံရမှု အများဆုံး ဖြစ်သည်။အချက်အလက် အတည်မပြုရသေးသည့် ဖြစ်စဉ်အများအပြားလည်းကျန်ရှိနေသေးသည်။

လူ့အခွင့်အရေးဝန်ကြီးဌာန တယ်လီဂရမ်ချန်နယ် စတင်ဖွင့်လှစ်

မတ် ၁၀

https://t.me/MOHRnugmyanmar

အာဏာသိမ်း စစ်တပ်က ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများနှင့် နိုင်ငံအတွင်းရှိ ပြည်သူများအပေါ် အခြားသော လူမှုအဖွဲ့အစည်းများ၊ လက်နက်ကိုင်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုင်ကြားနိုင်မည့် ယန္တရားအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ - NUG ၊ လူ့အခွင့်ရေးဆိုင်ရာဝန်ကြီးဌာနက တယ်လီဂရမ် ချန်နယ်အသစ်ကို မတ်လ ၁၀ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

ယင်းချန်နယ်၌ အကြမ်းဖက်စစ်တပ်က ပြည်သူများအပေါ် ကျူးလွန်နေသည့် ရာဇဝတ်မှုမှတ်တမ်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကာ လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သ့ အချက်အလက်များ၊ ဝန်ကြီးဌာန၏ မူလတာဝန် ဖြစ်သည့် တရားမျှတမှု ပြန်လည်ရရှိရေး ကြိုးပမ်းဆောင်ရွက်မှု၊ တိုးတက်မှု စသည့် အခြေအနေများကိုလည်း ထုတ်ပြန်ကြေညာပေး သွားမည် ဖြစ်သည်။

နိုင်ငံတကာအမျိုးသမီးများနေ့ ဓာတ်ပုံကမ်ပိန်းနှင့် ဆွေးနွေးပွဲ ပြုလုပ်

မတ် ၈

အမျိုးသမီးများ၏ တန်းတူညီမျှမှုနှင့် ရပိုင်ခွင့်များအတွက် ဖမ်းဆုပ်မြဲမြံနိုင်ရေး လှုပ်ရှားသွားရန် လိုအပ်ကြောင်း မီးမောင်းထိုးပြသည့် အနေဖြင့် မတ်လ ၈ ရက်တွင် ကျရောက်သည့် နိုင်ငံတကာအမျိုးသမီးနေ့တွင် "Embrace Equality" ဆောင်ပုဒ်ဖြင့် ဓာတ်ပုံ ကမ်ပိန်းနှင့် ဆွေးနွေးပွဲတစ်ရပ်အား အွန်လိုင်းအခြေပြု ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားအား အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ - NUCC နှင့် အမျိုးသားညီညွတ်ရေးအစိုးရ - NUG ၏ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနတို့က ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကာ ယင်းနေ့တွင် လူမှုကွန်ရက်၌ ဓာတ်ပုံများနှင့် ဖော်ပြပါ #IWD2023, #EmbraceEquality, #NUGMYANMAR, #MOWYCA စာသားများတွဲ၍ မျှဝေခြင်း အစီအစဉ်များလည်း ပြုလုပ်ခဲ့သည်။

လူအခွင့်အရေးမလုပ်တဲ့ ကော်မရှင်ကို ဖိတ်ကြားခြင်းက မှားယွင်း

မတ် ၃

"မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဆိုတာ ကိုဗစ်ကာလ ကတည်းက ငြိမ်ပြီးတော့ Quarantine ဝင်ထားသလို အခုချိန် အထိ စစ်အာဏာရှင်က ရက်ရက်စက်စက် လုပ်ဆောင်နေတာကို တသံမှမထွက်ပဲ ငြိမ်နေတဲ့ အလုပ်မဖြစ်တဲ့၊ အလုပ်မလုပ်တဲ့၊ နိုင်ငံတကာစံချိန်စံညွှန်းနဲ့မညီတဲ့ ကော်မရှင်ကို ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနများ မဟာမိတ်အဖွဲ့(GANHRI) နှစ်ပတ် လည်အစည်းအဝေးကို တက်ရောက်ဖို့ အခုလိုဖိတ်ကြားခြင်းက မြန်မာပြည်သူလူထုကို စော်ကားလိုက်တာပဲ။ လူ့အခွင့်အရေးကော် မရှင်အမည်ခံပြီး လူ့အခွင့်အရေး ကိစ္စမလုပ်ဆောင်တဲ့ ကော်မရှင်တစ်ရပ်ကို အခုလိုဖိတ်ကြားခြင်းက မြန်မာနိုင်ငံလက်ရှိအခြေအနေ ဘယ်လောက်ထိဆိုးရွားနေတာမသိသလို လူ့အခွင့်အရေးမလုပ်တဲ့ ကော်မရှင်ကို ဖိတ်ကြားခြင်းက မှားယွင်းတဲ့ အကြောင်းအရာဖြစ်တယ်" - **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**

ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနများ မဟာမိတ်အဖွဲ့ (GANHRI) နှစ်ပတ်လည်အစည်းအဝေးသို့ စစ်ကောင်စီလက်အောက်ခံ လူ့အခွင့်အရေးကော်မရှင်အား ဖိတ်ကြားမှုနှင့် ပတ်သက်သည့် မှတ်ချက်ပြုစကား

နမ်နိမ်းရွာ အစုအပြုံအလိုက် သတ်ဖြတ်ခံရမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

မတ် ၁၆

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ နမ်နိမ်းကျေးရွာ၌ မတ်လ ၁၁ ရက်က သံဃာတော် သုံးပါးအပါအဝင် အပြစ်မဲ့အရပ်သား ပြည်သူ ၁၉ ဦး သတ်ဖြတ်ခံရကာ ပြည်သူပိုင်နေအိမ်များ ဖျက်ဆီးခံရမှုနှင့် ဆက်စပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်အား မတ်လ ၁၆ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနနှင့် ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီတို့က ပူးတွဲပြုလုပ်ခဲ့သည်။

ယင်းကျူးလွန်မှုကို အာဏာသိမ်းစစ်တပ်လက်အောက်ခံ ဗိုလ်မှူးချုပ် နေလင်းအောင် ကွပ်ကဲသည့် ဖယ်ခုံမြို့နယ် အခြေစိုက် အမှတ် (၇) စစ်ဆင်ရေးကွပ်ကဲမှု (စကခ - ၇) ၊ (စကခ – ၁၈)၊ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကွပ်ကဲသည့် တောင်ကြီးမြို့အခြေစိုက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

သို့သော် အကြမ်းဖက်စစ်ကောင်စီကမူ ယင်းလုပ်ရပ်အား ဒေသခံ ကာကွယ်ရေးတပ်များက ကျူးလွန်ခြင်းဖြစ်ကြောင်း မဟုတ်မမှန် ဝါဒဖြန့်ခြင်း၊ ဒေသခံတိုင်းရင်းသားများအကြား လူမျိုးရေးနှင့် ဘာသာရေးကို အခြေခံ၍ ပဋိပက္ခကြီးထွားစေရန် ရည်ရွယ်ချက်ရှိရှိ ဖြင့် လုပ်ဆောင်နေသည့်အတွက် ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရခြင်း ဖြစ်ကာ သတင်းစာရှင်းလင်းပွဲကိုလည်း PVTV , MOHR, KSCC နှင့် Radio NUG Facebook Page များမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

Human Rights Barometer Episode(8)

“သူ့အနေနဲ့ ဒီတာဝန်ကို ထမ်းဆောင်တဲ့ လူသစ်ဖြစ်ပေမယ့် မြန်မာနိုင်ငံနဲ့ စိမ်းတဲ့သူ မဟုတ်ပါဘူး။ သူကိုယ်တိုင် အာရှမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ တာဝန်တွေကို ထမ်းဆောင်ဖူးတဲ့ ကုလသမဂ္ဂဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ ဒါ့အပြင် သူကိုယ်တိုင် ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ကော့ပဇားဒုက္ခသည်စခန်းတွေကို သွားရောက် ကြည့်ရှု လေ့လာခဲ့ဖူးတဲ့ အခွင့်အရေး၊ အခွင့်အလမ်းရှိခဲ့သူလည်း ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံအရေးက သူ့အတွက် သိပ်ပြီးတော့ အကြောင်းအရာသစ် မဟုတ်ဘူးပေါ့။ နောက်တစ်ခု အားကောင်းတာတစ်ခုက သူက ကုလသမဂ္ဂမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံရှိတဲ့သူ ဖြစ်တယ်။ အဲဒီတော့ ကုလသမဂ္ဂရဲ့ ခက်ခဲရှုပ်ထွေးလှတဲ့ လုပ်ထုံးလုပ်နည်းတွေကို ဘယ်လိုကျော်ဖြတ်ပြီးတော့ မြန်မာ့အရေးကို တင်နိုင်မလဲ၊ တချိန်တည်းမှာတင် လူ့အခွင့်အရေးဆိုတဲ့ လုပ်ငန်းစဉ်ကို ကုလသမဂ္ဂမှာ အကြောင်းအရာခေါင်းစဉ် ထည့်ပေမယ့် လက်တွေ့ကျတဲ့ အားပေးထောက်ခံမှုက နည်းနေတယ်။ ဒါတွေကို ကျော်ဖြတ်ပြီးတော့ သူ့ရုံးခန်းရဲ့ လုပ်ငန်းတာဝန်တွေကို ဘယ်လိုမျိုး ပိုအားကောင်းအောင် လုပ်နိုင်မလဲဆိုတဲ့ နည်းလမ်းတွေ သူ့ရဲ့ အရင်အတွေ့အကြုံက ဆက်စပ်ပြီးတော့ လုပ်နိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်”

- ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီနှင့် မဟာမင်းကြီး အစီရင်ခံစာ | Human Rights Barometer - Episode 8 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဖျိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။)

“တကယ်ကို ဆိုးဝါးပြီး စစ်ရာဇဝတ်မှု မြောက်တာပေါ့”

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မြောက်နှံးရွာအား အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက အင်အား ၃၀၀ ကျော် ဖြင့် မတ်လ ၃ ရက်နှင့် ၄ ရက်တို့တွင် ဝင်ရောက်တိုက်ခိုက်စီးနင်းပြီးနောက် ဒေသခံ အမျိုးသမီး တစ်ဦးအား အဓမ္မပြုကျင့်မီးရှို့အလောင်းဖျောက်ခြင်း၊ အမျိုးသားတစ်ဦးအား ရက်စက်စွာ နှိပ်စက်သတ်ဖြတ်ခြင်း အပါအဝင် အပြစ်မဲ့ပြည်သူများပိုင် နေအိမ် ၁၃၀ နီးပါးအား မီးရှို့ဖျက်ဆီးခဲ့သည်။

မြောက်နှံးရွာအား မတ်လ ၃ ရက်က ဝင်ရောက်စီးနင်း စဉ် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံ လေးဦးအား ဖမ်းဆီးထားပြီးနောက် ၎င်းထဲမှ အသက် ၅၀ ကျော်အရွယ် အမျိုးသားတစ်ဦးအား ဇတ်ပိုးအား ရိုက်နှက်ကာ ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် မတ်လ ၄ ရက်တွင် ဖမ်းဆီးခံထားရသူများထဲမှ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးအား အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင် ဗိုလ်ကြီးတစ်ဦးမှ စတင် အဓမ္မပြုကျင့်ပြီး နောက် ကျန်တပ်ဖွဲ့ဝင်များကပါ အစဉ်လိုက် အဓမ္မပြုကျင့်ကာ ကျေးရွာဘုန်းကြီးကျောင်းပိုင် ကားပေါ်တွင်တင်ကာ မီးရှို့အလောင်းဖျောက်ခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များမှာ ရွာအား ဝင်ရောက်စီးနင်းစဉ် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် အိမ်မွေးတိရစ္ဆာန်နှင့် လယ်ယာသုံး တိရစ္ဆာန်များကိုလည်း သတ်ဖြတ်စားသောက်ခြင်းများအား ကျူးလွန်ခဲ့ကြသေးသည်။

“မတ် (၃) ရက်နေ့မှာ အမျိုးသမီး အသက်(၂၅) နှစ်ကို ဗိုလ်ကြီးတစ်ယောက်က နင်းခိုင်းပါတယ်။ နင်းခိုင်းပြီးတော့ မှောင်ခါနီး (၈) နာရီလောက်မှာ ဗိုလ်ကြီးတစ်ယောက်က စပြီး သူကို မုဒိမ်းကျင့်တယ်လို့ သိရပါတယ်။ အဲဒီဗိုလ်ကြီးပြီးတော့ တပ်သားတွေပေါ့။ အလှည့်ကျ မုဒိမ်းကျင့်တယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ကျွန်တော်တို့ နယ်မြေရှင်းလင်းရေး လုပ်တဲ့အခါမှာ ကွန်ဒုံးတွေ ဘာတွေ တွေ့ရပါတယ်၊ မနက်ခင်းစောစောပေါ့။ စစ်ကောင်စီတွေ ရွာကထွက်မယ့်အချိန်မှာ ဘုန်းကြီးကျောင်းထဲကနေ ခေါ်ထုတ်သွားပြီးတော့ ကားပေါ်ကို တင်ပြီး သေနတ်နဲ့ ပစ်သတ်လိုက်တယ်လို့ သိရပါတယ်။ မုဒိမ်းကျင့်ခံရတယ် သက်သေက ကွန်ဒုံးပေါ့နော်။ အမျိုးသားသုံးကွန်ဒုံးကို ယူလိုက်တဲ့အခါ စစ်လိုက်တဲ့အခါမှာ သေချာပေါက် မုဒိမ်းကျင့်ပြီး လက်စဖျောက်တယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ စောစောကတော့ သူ့ကို ကျွန်တော်တို့ ပျောက်နေတယ် ထင်ထားတာ။ မြင်တဲ့သူတွေဆီက အခိုင်အမာသိရတာက ခင်ဗျာတို့မြောက်နှံးသူတစ်ယောက် မနက်စောစောမှာ အသတ်ခံလိုက် ရတယ်ဆိုပြီးတော့။ မနက်စောစောမှာလည်း မီးထပ်ရှို့ပါတယ်၊ နေအိမ်လားလို့ဆိုပြီးတော့ မဟုတ်ဘဲ ဘုန်းကြီးကျောင်းထဲက ကားဖြစ်နေတာ။ အမျိုးသမီးကို သတ်ပြီး အလောင်းဖျောက်တဲ့ ကားဖြစ်နေတာ” - **ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး**

(စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မြောက်နှံးရွာအား အကြမ်းဖက်စစ်ကောင်စီတပ်များက မတ်လ ၃ ရက်နှင့် ၄ ရက်တို့တွင် ဝင်ရောက်စီးနင်းပြီးနောက် ဒေသခံလေးဦးအား ဖမ်းဆီးကာ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့် သတ်ဖြတ်ခြင်း၊ အမျိုးသားတစ်ဦးအား ရိုက်နှက်သတ်ဖြတ်ခြင်းအပါအဝင် အိမ်ခြေ ၁၃၀ နီးပါးအား မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ပတ်သက်၍ ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဆက်သွယ်မေးမြန်း ခြင်း)

“မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဆိုတာ ကိုပစ်ကာလ ကတည်းက ငြိမ်ပြီးတော့ Quarantine ဝင်ထားသလို အခုချိန် အထိ စစ်အာဏာရှင်က ရက်ရက်စက်စက် လုပ်ဆောင်နေတာ ကို တသံမှမထွက်ပဲ ငြိမ်နေတဲ့ အလုပ်မဖြစ်တဲ့၊ အလုပ်မလုပ် တဲ့၊ နိုင်ငံတကာစံချိန်စံညွှန်းနဲ့မညီတဲ့ ကော်မရှင်ကို ကမ္ဘာလုံး ဆိုင်ရာ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနများ မဟာမိတ် အဖွဲ့(GANHRI) နှစ်ပတ်လည်အစည်းအဝေးကို တက်ရောက်ဖို့ အခုလိုဖိတ်ကြားခြင်းက မြန်မာပြည်သူလူထုကို စော်ကားလိုက်တာပဲ။ လူ့အခွင့်အရေးကော်မရှင်အမည်ခံပြီး လူ့အခွင့်အရေး ကိစ္စမလုပ်ဆောင်တဲ့ ကော်မရှင်တစ်ရပ်ကို အခုလိုဖိတ်ကြား ခြင်းက မြန်မာနိုင်ငံလက်ရှိအခြေအနေ ဘယ်လောက်ထိဆိုးရွား နေတာမသိသလို လူ့အခွင့်အရေးမလုပ်တဲ့ ကော်မရှင်ကို ဖိတ်ကြားခြင်းက မှားယွင်းတဲ့ အကြောင်းအရာဖြစ်တယ်”

- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသား ညီညွတ်ရေးအစိုးရ)

- ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနများ မဟာမိတ်အဖွဲ့ (GANHRI) နှစ်ပတ်လည်အစည်းအဝေးသို့ စစ်ကောင်စီလက်အောက်ခံ လူ့အခွင့်အရေးကော်မရှင်အား ဖိတ်ကြားမှုနှင့် ပတ်သက်သည့် မှတ်ချက်ပြုစကား

မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ ဝန်ကြီး မှတ်စု

မတ် ၁၃

ကျောင်းခန်းထဲကနေ လမ်းမပေါ်ထွက် ...

အဲ့ဒီကမှ တောထဲရောက်ပြီး လူ့အခွင့်အရေးအတွက် တစိုက်မတ်မတ်လုပ်ခဲ့တာ (၃၅)နှစ်ပြည့်ပြန်ပြီ...

ရန်ကုန်တက္ကသိုလ် အီးမေဂျာကျောင်းသားတယောက် ကျောင်းထဲမှာ တရားတွေ စဟောရင်း မတရားမှုတွေကို စတင်တွန်းလှန်ခဲ့တဲ့နေ့...

ကျောင်းပုရဝဏ်လှုပ်ရှားမှုကနေ ပြည်လုံးကျွတ်လှုပ်ရှားမှု.. အဲဒီကနေမှ လက်နက်ကိုင်တိုက်ပွဲ၊ အခုတခါ နွေဦးတော်လှန်ရေး တာဝန်အထိ ဘဝဖြတ်သန်းမှုလဲစုံခဲ့ပါပြီ...

မျိုးဆက်သစ်တွေကို သမိုင်းဆိုးအမွေတွေ မပေးခဲ့ချင်တာက ဆန္ဒအမှန်ပါ...

(၃၅) ကာလအတွင်းမှာ စိတ်ဓာတ်ကျတိုင်း ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့ မိန့်ခွန်းတခုနဲ့ အားယူခဲ့ပါတယ်..

" သတ္တိရှိတယ် ဆိုတာဟာမှန်တဲ့ကန်တဲ့ ကိစ္စကို လုပ်ရဲရမယ့် သတ္တိပဲ။ ကိုယ်ကြောက်ပေမယ့် လုပ်ရမယ်။ ကိုယ်လုပ်စရာရှိတာတော့ မှန်လို့ကန်လို့ လုပ်တာကို ဆက်ပြီးတော့လုပ်ရမယ်။

သေမှာ ကြောက်လို့လဲ မသေဖူးပဲ ရှိမှာ မဟုတ်ဘူး။ အဲဒီတော့ ဒါတွေကြောက်ပြီး ကျမတော့ မလုပ်ပဲ နေလို့ ရှိရင်အသက်ရှင်ရ ကျိုးမနပ်ပဲ နေမယ်။"

တော်လှန်ရေးသစ္စာရှိဖို့လိုသလို တော်လှန်ရေးသတိလည်းမပြတ်ဖို့လိုအပ်

မတ် ၁၃

“ဖိနှိပ်သူတွေ၊ အာဏာရှင်စနစ် အောက်မှာနှစ်ပေါင်းများစွာ ကျရောက်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းဟာ ဖိနှိပ်မှုကို ဆန့်ကျင် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်တဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ်တွေအများကြီးထဲကမှ ယနေ့ မတ်လ ၁၃ ရက်နေ့ဟာ (၃၅) နှစ်မြောက် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ပဲ ဖြစ်ပါတယ်။ ၈၈ မှာ စတင်ခဲ့တဲ့ ဒီမိုကရေစီအရေးတော်ပုံအောင်ပွဲရနိုင်ဖို့အတွက် ဒီ ၂၀၂၃ မှာ အားလုံးစုစည်းပြီး ပြိုင်တူ ညီညာရုန်းကြဖို့အရေးကြီးပါတယ်။ တိုက်ပွဲဝင်သက်လုံကောင်းဖို့လိုသလို တစ်ဖက်မှာလည်း အကြမ်းဖက် စစ်ကောင်စီရဲ့ သွေးခွဲ သပ်လျှိုမှုတွေ ဝါဒဖြန့်သွေးခွဲမှုတွေကို သတိထားဖို့လိုအပ်ပါတယ်။

တော်လှန်ရေးသမိုင်းတလျောက်မှာ ဒီမိုကရေစီအင်အားစုတွေကြား သွေးခွဲဖြိုခွင်းခံခဲ့ရတဲ့ သင်ခန်းစာယူစရာအဖြစ်တွေ အများကြီးရှိခဲ့ပါတယ်၊ ဒီခေတ် ဒီကာလမှာ ခေတ်ဝန်ကိုထမ်းပြီးတော့ ခေတ်လမ်းကိုလျှောက်ကြတဲ့အခါမှာ တော်လှန်ရေးသစ္စာရှိဖို့လိုသလို တော်လှန်ရေးသတိလည်းမပြတ်ဖို့ လိုအပ်ပါတယ်” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (မတ်လ ၁၃ ရက်တွင် ကျရောက်သည့် ၃၅ နှစ်မြောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့တွင် ပြောကြားသည့် အမှတ်တရစကား)**

ကျူးလွန်နေသူတွေကို မဖြစ်မနေ အရေးယူရမယ့်အချိန် ရောက်ကို ရောက်နေပါပြီ

မတ် ၈

“အကြမ်းဖက်စစ်အုပ်စုက လူမဆန်တဲ့နည်းနဲ့ သတ်ဖြတ်မှုတွေ ဟာစစ်ပွဲဆိုင်ရာ ရာဇဝတ်မှုကို ကျူးလွန်နေတာဖြစ်တယ်။ ရွာတစ်ရွာတင်မကဘဲ ရွာစဉ်အလိုက် ရက်ရက်စက်စက် ဖမ်းဆီး၊ သတ်ဖြတ်၊ မီးရှို့ခြင်းတွေကို ဆက်တိုက်ပြုလုပ်နေတာက အရက်စက်ဆုံး၊ အယုတ်မာဆုံးနည်းလမ်းနဲ့ အကြမ်းဖက်နေတာဖြစ်တယ်။

ဒီလိုအကြမ်းဖက်မှုတွေအားလုံးကို လူ့အခွင့်အရေးကောင်စီမှာ တင်ပြထားပါတယ်။ လူမြင်သမျှ ရန်သူသဖွယ်သတ်မှတ်ပြီး သတ်ဖြတ်၊ မီးရှို့နေတာဖြစ်လို့ ဒီလိုကျူးလွန်နေသူတွေကို မဖြစ်မနေ အရေးယူရမယ့်အချိန် ရောက်ကိုရောက်နေပါပြီ” “နိုင်ငံတကာရဲ့ အကူအညီကို မျှော်တာအပြင် ပြည်သူလူထုကိုယ်တိုင်ရဲ့ ခုခံကာကွယ် တိုက်ပွဲဝင်မှုကိုလည်း အရှိန်မြှင့်ဖို့လိုပါတယ်” “စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက် လူသတ်၊ ရွာမီးရှို့မှုတွေ တားဆီးအရေးယူနိုင်ရေးအတွက် နိုင်ငံတကာရဲ့ အကူအညီကို မျှော်လင့်တာအပြင် လူထုကိုယ်တိုင်က တော်လှန်ရေးတပ်တွေနဲ့အတူလက်တွဲပြီး စစ်အာဏာရှင်တွေကို ခုခံတော်လှန်သွားဖို့က အရေးကြီးတယ်၊ နိုင်ငံတကာက ငါတို့ကိုပစ်ထားတယ်ဆိုပြီး တော်လှန်စိတ်ကိုလျော့ချလိုက်မိရင် အခြေအနေတွေ ပိုဆိုးသွားနိုင်တယ်” - **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊**

အမျိုးသားညီညွတ်ရေးအစိုးရ – NUG) (BNN သတင်းဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်း ကောက်နုတ်ချက်)

ခွန်းဗဟန်းထန်မှ ဦးအောင်ခမ်းထီထံ အိတ်ဖွင့်ပေးစာ

မတ် ၁၆

သို့

လေးစားအပ်ပါသော အဖိုးဦးအောင်ခမ်းထီခင်ဗျား

အခုလို ခက်ခဲရှုပ်ထွေးနေတဲ့အချိန်မှာပဲ လေးလံတဲ့စိတ်နဲ့ စာရေးလိုက်ရပေမယ့် ကျန်းမာမယ်လို့ မျှော်လင့်ပါတယ်။ အဖိုးကိုလူချင်းမဆုံဖူးပါ။ သို့သော်ကျနော့်ဖခင် ဝိန်းကယန်းထန် (ခ) ဦးရွှေအေး ဆီကတဆင့် အဖိုးအကြောင်း ကြားရဖူးပါတယ်။ အဖေ တောင်ကြီးဘက် ရောက်တိုင်း ကျောက်တလုံးကို လာလည်လေ့ရှိတယ်ဆိုတာလည်း ကြားသိရဖူးပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း က ပင်လောင်းမြို့နယ်၊ နမ့်နိန်းရွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအတွက် အထူးစိတ်မကောင်း ဖြစ်မိပါတယ်။

လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး ပစ်ခတ်မှု၊ ရွာမီးရှို့မှုတွေ၊ လူမဆန်စွာ သတ်ဖြတ်မှုတွေဟာ မြန်မာပြည်မှာ အာဏာသိမ်း ထားတဲ့ စစ်တပ်ကလွဲရင် ဘယ်သူကမှ မလုပ်နိုင်တာ အဖိုးလည်းအသိဖြစ်ပါတယ်။ ဒီစစ်တပ်ဟာ ကြွက်မနိုင် ကျီမီးရှို့ဆိုသလိုပဲ သူတို့ရဲ့ အာဏာရှင်စနစ်ကို ဖီဆန်သူတွေကို မနှိမ်နင်းနိုင်တဲ့အခါတိုင်း ရပ်ရွာကို ဒုက္ခပေးလေ့ရှိတာဟာ လည်း သူတို့နှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့တဲ့ နည်းစနစ်ဆိုတာလည်း ကျနော်တို့ အချင်းချင်းကြားတော့ ရှင်းပြနေဖို့ လိုမယ်မထင်ပါဘူးခင်ဗျ။

ကျနော်တို့ လူနည်းစုလူမျိုးတွေဟာ ကိုယ့်ပြည်သူ၊ ကိုယ့်ဒေသ တတ်နိုင်သမျှ နည်းမျိုးစုံနဲ့ ကာကွယ်ကြရတာကိုလည်း ကျနော့်ဘဝဖြတ်သန်းမှုနဲ့ဘဝပေးအသိအရ နားလည်ရပါတယ်။ ဒါပေမယ့် စစ်တပ်ဟာ ကျနော်တို့ တွေးနိုင်တာထက် ယုတ်မာတာမို့လို့ အရှည်သဖြင့် တွေးတောဆင်ခြင်နိုင်စေဖို့အတွက် ဒီစာကို ရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။

တော်လှန်ရေးအင်အားစုတွေကို အပြစ်ဖို့တဲ့ ထုတ်ပြန်ချက်တွေ၊ ရှုတ်ချကြောင်း ဖော်ပြနေတဲ့ ဆန္ဒပြပွဲတွေ အကြောင်း စိတ်မသက်မသာဖတ်ရသလို၊ မြေပြင်ဒေသခံတွေရဲ့ သတင်း စကားတွေ လည်းကြားရ၊ ဖတ်ရပါတယ်ခင်ဗျ။ မြန်မာစစ်တပ်ဟာ ပအိုဝ်းနဲ့ ကယန်းလူမျိုးတွေအကြား ပဋိပက္ခကို ဖန်တီးဖို့ ကြိုးစားပြီး သူတို့ရဲ့ ဆိုးရွားလှတဲ့ အပြစ်ကို ဖုံးကွယ်ဖို့ ကြိုးစားနေတာလို့ပဲ သုံးသပ်မိပါတယ်။

တကယ့် မြေပြင်က မတူညီကွဲပြားတဲ့ လူမျိုးတွေအကြားမှာ အမုန်းတရားမျိုးစေ့ကို စိုက်ပျိုးဖို့ ကြိုးစားတာဟာ လူ့အဖွဲ့အစည်းရဲ့ ရေရှည်အေးချမ်းသာယာရေးကို စနစ်တကျ ရိုက်ချိုးဖျက်ဆီးတဲ့ အပြစ်ကြီးဖြစ်ပါတယ်။ စစ်အုပ်စုဟာ ဒီအပြစ်ကို ကျူးလွန်ဖို့ ကြိုးစားလျက်ရှိပါတယ်။ ခေါင်းဆောင်ချင်းအကြား ဖြစ်စေ၊ မြေပြင်မှာ ကူးလူးဆက်ဆံ ချစ်ကြည်ရင်းစွဲရှိကြပြီး ဖြစ်တဲ့ လူမျိုးများ အကြားဖြစ်စေ အခုလို သဟဇာတဖြစ်မှုကို ပျက်ဆီးစေတာဟာ ကျနော်တို့ မျိုးဆက်မှသည် ကျနော်တို့ သားစဉ်မြေးဆက်အထိ ဆိုးမွေကို လက်ဆင့်ကမ်းရာ ရောက်မှာ ဖြစ်ပါတယ်။

ရေတိုငြိမ်းချမ်းရေး၊ အထိအခိုက်နည်းအောင် ထိန်းသိမ်းရေး တွေဟာ လက်တွေ့ကျတယ်လို့ သုံးသပ်လို့ ရကောင်းရနိုင်ပေမယ့် ဒီအတွက် ပေးဆပ်ရမယ့် အဖိုးအခဟာ လူမျိုးရေး အမုန်းတရား တွေနဲ့ အပြန်အလှန် အမှီသဟဲ မပြုနိုင်မယ့် လူ့အဖွဲ့အစည်းတွေဖြစ်နေမယ်ဆိုရင်တော့ ဒါဟာ ထိုက်တန်တယ်လို့ မဆိုနိုင်ပါဘူး။

မြေပြင်သတင်းတွေအရ ကယန်းလူမျိုးဆိုရင် စစ်ဘေးရှောင် တောင်မှ လက်မခံချင်တော့ဘူးဆိုတာ မျိုးတွေလည်း ကြားရတဲ့အတွက်လည်း အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ အဖိုးနဲ့ ကျနော်နဲ့ ကိုးကွယ်ရာဘာသာတွေ မတူကြပေမယ့် ဒုက္ခရောက်နေသူတွေ အထူးသဖြင့် အမျိုးသမီး၊ ကလေး သူငယ်နဲ့ သက်ကြီးရွယ်အိုတွေအပေါ် ရက်စက်စွာ ဥပက္ခာပြု ဖယ်ကျဉ်မထားဖို့ကိုတော့ ဘာသာတရား အသီးသီး မှာ ဆုံးမကြတာ ရှိမယ်လို့ နားလည်ပါတယ်။

ကျနော်တို့အကြားမှာ နိုင်ငံရေးသဘောထားတွေ ကွဲပြားနေကြမှာကတော့ မြင်သာပါတယ်။ ဒါပေမယ့် ကျနော်တို့ရဲ့ သက်ဆိုင်ရာ လူမျိုးအလိုက် ပြည်သူတွေရဲ့ ကောင်းရာကောင်းကျိုးကို လိုလားကြရာမှာ တူညီကြမယ်လို့ ကျနော် ယုံကြည်ပါတယ်။ ဒီပြည်သူတွေ ငြိမ်းချမ်းစွာနဲ့ အစဉ်အဆက် ဆက်လက်ရပ်တည် နိုင်ကြဖို့အတွက်ဆိုရင်တော့ အရှည်သဖြင့်

သက်ရောက်မှုတွေကိုပါ ကျနော်တို့ ထည့်သွင်းစဉ်းစားဖို့ လိုမှာဖြစ်ပါတယ်။

တိုတိုပဲ အနှစ်ချုပ်ခွင့်ပြုပါ အဖိုးခင်ဗျား။ ရေတိုဘေးမသင့်စေဖို့ အတွက် လူမျိုးတစ်ခုနဲ့ တစ်ခုအကြား အမုန်းတရား မျိုးစေ့ချ ပေးမယ့် ကိစ္စမျိုးကို လက်မခံပဲတားဆီးပေးစေလိုပါတယ်။ မြေပြင်က ပြည်သူတွေ အချင်းချင်းအကြား ကူညီဖေးမတဲ့ ဓလေ့ကိုလည်း မပိတ်ပင်စေသင့်ဘူးလို့ မြင်ပါတယ်။ ဒီအတွက် ဘေးတချို့ မရှိနိုင်ဘူးလားလို့ မေးရင်တော့ ကျနော်မငြင်းလို ပါဘူး။ ပြဿနာရဲ့ အဖြေကို မရှာပဲ ရှောင်ဖယ်နေသရွေ့၊ ရှင်သန်လောက်ရုံသာ ကြိုးပမ်းနေသရွေ့တော့ ကျနော်တို့ လူမျိုးအသီးသီးဟာ လူလူသူသူ တန်းတူရည်တူနဲ့ အမျိုးသား တန်းတူရေးအဖို့ငြိမ်းငြိမ်းချမ်းချမ်း မနေရမယ့် ခေတ်တွေ၊ မျိုးဆက်တွေ ပိုရှည်ကြာနေမှာကိုတော့ ကျနော့်အနေနဲ့ ပိုထူးကဲပြီး စိုးရိမ်မိတာပါပဲခင်ဗျား

လေးစားစွာဖြင့်

ခွန်းဗဟန်းထန်

စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

၃,၁၄၂ + ၁၆,၅၇၄

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့သည့် ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူများ သေဆုံးရမှုမှာ ၃,၁၄၂ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့ပြင် အာဏာသိမ်းချိန်မှ ၂၀၂၃ ခုနှစ် မတ် ၁၇ ရက်အထိ ဖမ်းဆီးချုပ်နှောင်ခံရသူပေါင်း ၁၆,၅၇၄ ဦးရှိကာ ၅,၀၉၉ ဦးမှာ ထောင်ဒဏ်ချမှတ်ခြင်း ခံထားရသည်။

၁၄၅ - ၄၂

အာဏာရှင်စနစ် ဆန့်ကျင်ရေး နွေဦးတော်လှန်မှုအတွင်း ပါဝင် မှုဖြင့် ၂၀၂၃ ခုနှစ် မတ်လ ၁၇ ရက်အထိ အကြမ်းဖက် စစ်ကောင်စီ၏ သေဒဏ်ခံရသူပေါင်း ၁၄၅ ဦးအထိ ရှိပြီ ဖြစ်သည်။ ယင်းအနက် ၁၂၁ ဦးမှာ မျက်ကွယ်သေဒဏ် ချမှတ် ခံခဲ့ရခြင်းဖြစ်ကာ လက်တွေ့ ကွပ်မျက်ခံခဲ့ရသူ ၄၂ ဦးအထိ ရှိသည်။ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ သေဒဏ်ဖြင့် ဆက်လက်ထိန်းသိမ်းခံထားရသူပေါင်းမှာ ၁၀၃ ဦးအထိ ရှိသည်။

တမူး ၅၂ (က) - ၄ နှစ် သေဆုံး

စစ်ကိုင်းတိုင်း၊ တမူးမြို့၊ ဈေးတန်း (၁၁) ရပ်ကွက်နေ ကိုသစ်ဆန်းဦး (ခ) သားအဲငယ်အား လူမှုကွန်ရက်ပေါ်၌ အကြမ်းဖက်စစ်ကောင်စီအား ဆန့်ကျင်သည့် စာများ ရေးသားသည်ဆိုကာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၈ ရက်က ဖမ်းဆီးပြီးနောက် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က) ဖြင့် ထောင်ဒဏ် လေးနှစ် မတရားပြစ်ဒဏ် ချမှတ်ခဲ့သည်။ ၎င်းအား တမူးမြို့မရဲစခန်း၌ ထိန်းသိမ်းထားစဉ် မတ်လ ၁၆ ရက် ည ၉ နာရီခန့်က ခေါင်းမူသည်ဟုဆိုကာ ရဲစခန်းမှ ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးခဲ့သည်။

မြောင်စစ်ရှောင် - ၂ သေ

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်အတွင်းသို့ အကြမ်းဖက်စစ်ကောင်စီတပ်များ မတ်လ ၁၄ ရက်က စစ်ကြောင်းထိုးဝင်ရောက်စဉ် မင်းတန်းကျေးရွာနေ အသက် ၇၀ အရွယ် ဦးသန့်နှင့် သာဒွန်းကျေးရွာနေ အမျိုးသားတစ်ဦးမှာ စစ်ကြောင်းနှင့် တိုး၍ ဖမ်းဆီးခံရပြီးနောက် ညှင်းပန်းနှိပ်စက် ခံရကာ ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။

ဖော်ပြပါ ကိန်းဂဏန်းအရေအတွက်များသည် AAPP မှ ကောက်ယူရရှိထားသည့် အရေအတွက်ဖြစ်ပြီး မြေပြင်တွင် ဖြစ်ပွားနေသည့်အချက်အလက်နှင့် ကိန်းဂဏန်းအရေအတွက်များမှာ ယခုထက်ပိုမိုများပြား နိုင်ပါသည်။ အချက်အလက်များကို ထပ်မံကောက်ယူရရှိလာပါက ဆက်လက်ထည့်သွင်းဖော်ပြသွားပါမည်။

၂၀၂၃ ဖေဖော်ဝါရီလအတွင်း စစ်ကောင်စီကျူးလွန်သည့် မီးရှို့ဖျက်ဆီးမှုများ

- စစ်ကိုင်းတိုင်း
  - မီးရှို့ခံရအကြိမ် = ၇၃ ကြိမ်
  - မီးလောင်ပျက်စီးနေအိမ် = ၆၆၆၂ လုံး
  - မီးရှို့သတ်ဖြတ်ခံရသူ = ၁၉ ဦး
  - ဘာသာရေးအဆောက်အဦး = ၄ ခု
  - စာသင်ကျောင်း = ၁၀ ကျောင်း
  - ဆေးရုံ = ၂ ရုံ

ကျေးလက်ဆေးပေးခန်းများ

- မကွေးတိုင်း
  - မီးရှို့ခံရအကြိမ် = ၇ ကြိမ်
  - မီးလောင်ပျက်စီးနေအိမ် = ၃၄၅ လုံး
  - မီးရှို့သတ်ဖြတ်ခံရသူ = ၁ ဦး
  - ဘာသာရေးအဆောက်အဦး = ၁ ခု

- ကရင်ပြည်နယ်
  - မီးရှို့ခံရအကြိမ် = ၂ ကြိမ်
  - မီးလောင်ပျက်စီးနေအိမ် = ၁၀ လုံး

- တနင်္သာရီတိုင်း
  - မီးရှို့ခံရအကြိမ် = ၅ ကြိမ်
  - မီးလောင်ပျက်စီးနေအိမ် = ၁၁၆ လုံး
  - စာသင်ကျောင်း = ၁ ကျောင်း

- ချင်းပြည်နယ်
  - မီးရှို့ခံရအကြိမ် = ၃ ကြိမ်
  - မီးလောင်ပျက်စီးနေအိမ် = ၁၆ လုံး
  - ဘာသာရေးအဆောက်အဦး = ၂ ခု

- ပဲခူးတိုင်း
  - မီးရှို့ခံရအကြိမ် = ၃ ကြိမ်
  - မီးလောင်ပျက်စီးနေအိမ် = ၉ လုံး
  - မီးရှို့သတ်ဖြတ်ခံရသူ = ၁ ဦး

ကိုးကား - AAPP, မီးသတ်ဦးစီးဌာန - ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ
(မှတ်ချက် - မီးသတ်ဦးစီးဌာနက ထုတ်ပြန်သည့်အချက်အလက်များသည် လွတ်လပ်သောမီဒီယာများ၊ အရပ်ဖက်အဖွဲ့စည်းများ၏ထုတ်ပြန်ချက်များနှင့် မြေပြင်မှ ပြည်သူများ ပေးပို့သော သတင်းအချက်အလက်များကို စီစစ်ဖော်ပြထားခြင်းဖြစ်သည်။)